Highlights from DVB Debate's how to control drug abuse Show

April 7th, 2018

How to control drugs abuse?

## "လူငယ်ကြားကမူးယစ်ဆေးဝါးပြဿနာဘယ်လိုအဖြေရှာမလဲ?"

"မူးယစ်ဆေးဝါးနဲ့ဆိုင်တဲ့ဥပဒေသစ်တစ်ခုကို ပြဌာန်းလိုက်တဲ့အပေါ်အဓိကက လူငယ်တွေရဲ့စိတ်ပိုင်းဆိုင်ရာမှာ အသိပညာတစ်ခုမရသေးဘူးဆိုရင် အဲဒီဥပဒေကို အလွဲသုံးစားလုပ်နိုင်တယ်လို့မြင်တယ်။ "

## ဓမ္မဆရာ ဦးရန်နိုင်အောင်( JC Myanmar လူမှုကူညီစောင့်ရှောက်ရေး)

-----------------------------------------------------------------------------------------------------------

"မူးယစ်ဆေးဝါးဥပဒေသစ်က ပြစ်ဒဏ်ကိုလျှော့ပေါ့ပေးတာမဟုတ်ဘူး။ မူးယစ်ဆေးဝါးသုံးစွဲတဲ့လူငယ်တွေကို ဆေးဝါးကုသမှုပေးမယ်။ ပြုစုပေးမယ်။ ပြန်လည်ထူထောင်ပေးဖို့အတွက်ကို အခွင့်အရေး တွေပိုပေးလိုက်တဲ့သဘောပါ။"

## ဒေါက်တာစောနိုင် (တောင်ဥက္ကလာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)

-----------------------------------------------------------------------------------------------------------

"မူးယစ်ဆေးဝါးသုံးစွဲသူတိုင်းက လူဆိုးတွေမဟုတ်ပါဘူး။ ကျမတို့ပြောလေ့ရှိတဲ့ မူးယစ်ဆေးနဲ့ဆက်စပ်ပြီး ဖြစ်တဲ့ပြစ်မှုတွေကလည်း အသေးစားပြစ်မှုတွေများပါတယ်။ မူးယစ်ဆေးသုံးစွဲသူတိုင်းကတော့ ပြစ်မှု ကျူး လွန်သူ တွေမဟုတ်ပါဘူး။"

## ဒေါက်တာဇင်မာဟန် ၊ Drug Policy Advisor (Transnational Institute)

-----------------------------------------------------------------------------------------------------------

"မူးယစ်ဆေးဝါးသုံးစွဲသူတွေက ပတ်ဝန်းကျင်ရဲ့အကူညီကိုလိုတဲ့သူတွေလို့မြင်တယ်။ လူငယ်အများစုက တိုင်းပြည်အပြောင်းအလဲဖြစ်တဲ့အခါမှာ ဒီအပြောင်းအလဲကိုသူတို့မလိုက်နိုင်တဲ့အခါ သူတို့မှာမျှော်လင့်ချက်မဲ့

နေကြတယ်။ ဘယ်ကနေ ဆက်သွားရမှန်းမသိတဲ့အခါ လွယ်လွယ်ကူကူရတဲ့ မူးယစ်ဆေးဝါးတွေဟာ သူတို့အတွက် နိဗ္ဗာန်ဘုံဖြစ်လာခဲ့တယ်။"

**ဦးဇော်တူးခေါင် ၊ မန်နေဂျင်းဒါရိုက်တာ(ဟားဗတ်စ် လူငယ်ပြုစုပျိုးထောင်ရေးစင်တာ)**

------------------------------------------------------------------------------------------------------------

"မူးယစ်ဆေးဝါးအမှုတွေမှာ ပိုင်ရှင်မဲ့ဆိုတာမဟုတ်ပါဘူး။ ပိုင်ရှင်ရှိပါတယ်။ဥပမာ၊ ကားကိုမိရင် ဒရိုင်ဘာကိုရမယ်။ နောက်ဆုံးသိုလှောင်တဲ့နေရာက သိမယ်။ ဒီလို ထပ်ပြီးကွင်းဆက်တွေကိုလိုက်ရပါတယ်။ နောက်ပိတ်ဆုံးကျမှ ပိုင်ရှင်အစစ်ကို သိရမယ်။ ပိုင်ရှင်အစစ်က ကျနော်တို့ကွင်းဆက်လိုက်နေတဲ့အချိန်မှာပဲ ပြေးပြီ။ ဒီလိုအမှုတွေ ကျနော်တို့ ဆီမှာ အများကြီးရှိပါတယ်။"

အထူးဧည့်သည်၊ ဦးညီညီလင်း (မူးယစ်ဆေးဝါးပြတိုက်မှူး၊ ငြိမ်း)

------------------------------------------------------------------------------------------------------------

"လွယ်လွယ်ကူကူဝယ်လို့ရရင်ဝယ်ပေးပါ။ ကျနော်ဝယ်ပဲ့မယ်။ လမ်းဘေးကွမ်းယာဆိုင်မှာဝယ်လို့ရလား။ အားလုံးသည်ပုန်းလျှိုးကွယ်လျှိုး သုံးစွဲဝယ်နေယူရတာပဲဖြစ်တယ်။"

အထူးဧည့်သည်၊ ဦးစံရှိန် (မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင်ရေးအသင်း၊ မြန်မာ)

------------------------------------------------------------------------------------------------------------

"နိုင်ငံတချို့မှာ ဆေးခြောက်သုံးစွဲမှုကို တရားဝင်ခွင့်ပြုလိုက်တဲ့အခါ ဒုစရိုက်မှုတွေလျော့ကျလာတဲ့ မှတ်တမ်းတွေရှိပါတယ်။ ဆေးခြောက်သုံးရင်သေပါသလား။ နာတာရှည်ရောဂါရပါသလား။ ဆေးခြောက်သုံးသူတွေဟာ ပတ်ဝန်းကျင်ကိုအန္တရာယ်ပြုတာ၊ လူသတ်မှုဖြစ်တာရှိပါသလား။ ဆေးခြောက်က အရမ်းကြီးဆိုးဝါးနေတယ်ဆိုရင် ဘာလို့ ကမ္ဘာ့နိုင်ငံကြီးတွေက ဘာကြောင့်ခွင့်ပြုသလဲ?"

ပရိသတ်။ ပိုင်အောင်စေတိုး (ဆေးခြောက်တရားဝင်သုံးစွဲခွင့်ရရေး လှုပ်ရှားဆောင်ရွက်သူ)

------------------------------------------------------------------------------------------------------------